**အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားဖြင့် ကိုင်တွယ် ဖြေရှင်းလျက်ရှိ**

နေပြည်တော်　　　　　　　　　　　　　　　　　　　　　　　　　　ဩဂုတ်လ ၁၉

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) သို့ ၁၈–၅–၁၉၄၈ ရက် နေ့တွင်အဖွဲ့ဝင်နိုင်ငံအဖြစ်စတင်ဝင်ရောက်ခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာILO ပြဌာန်းချက်အမှတ်-၂၉ ကို ၁၈-၃-၁၉၅၅ ရက်နေ့တွင် လက်ခံကျင့်သုံးခဲ့၍ အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည် ဖော်ရာတွင် ILOနှင့်လက်မှတ်ရေးထိုးခဲ့သော ၂၀၀၂ ခုနှစ် နားလည်မှုစာချွန်လွှာနှင့် ၂၀၀၇ ခုနှစ် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) တို့အရ အဓမ္မခိုင်း စေမှုများတိုင်ကြားနိုင်သည့် တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ၂၀၁၈ ခုနှစ် ထိ ILO နှင့်ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၉ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို နိုင်ငံပိုင်ယန္တရားဖြင့် ဖြေရှင်းဆောင် ရွက်နိုင်ရန်အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်(၂၀၁၉-၂၀၂၁) ကိုရေးဆွဲ အကောင်အထည် ဖော်လျက်ရှိရာ လုပ်ငန်းစီမံချက်အရ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ထူထောင်ရေးဆောင်ရွက်ဆဲကာလတွင် တိုင်ကြားမှု များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပါအဝင်သက်ဆိုင် သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group-HLWG) ကကြားကာလယန္တရား အဖြစ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား - NCM ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂-၁၂-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့် ကြော်ငြာစာအမှတ်၊ ၇၂/၂၀၁၉ ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ဝန်ကြီးဌာန (၁၅) ခုနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့မှကိုယ်စားလှယ်များ စုစုပေါင်း (၂၆)ဦးပါဝင်ဖွဲ့စည်းခဲ့သော အမျိုးသား

ကော်မတီကို ၈-၄-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၂၀ ဖြင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ထပ်မံထည့်သွင်း၍ စုစုပေါင်း(၃၁)ဦး ဖြင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၇-၇-၂၀၂၀ ရက်နေ့တွင် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ စတင်လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိကြား ကာလယန္တရားမှ လက်ခံရရှိခဲ့သောအမှုများအပါအဝင် စုစုပေါင်း ၅၃ မှု လက်ခံရရှိခဲ့ပြီး အဆိုပါအမှုများတွင် အသက်မပြည့်ဘဲ တပ်မတော်သို့ စုဆောင်းခံရသဖြင့် တပ်မတော်မှ နုတ်ထွက်လိုမှု၊ အလုပ်သမားရေးရာနှင့်ဆက်နွယ်သည့်အမှုများ အဓိကပါဝင်ပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်လျက်ရှိရာ ၃၃ မှု ဖြေရှင်းဆောင်ရွက်ပြီးဖြစ်၍ ၂၀ မှု ဆောင်ရွက်ဆဲဖြစ်ပါသည်။ ထို့အပြင် အမျိုးသားကော်မတီအနေ ဖြင့်လည်းတိုင်ကြားသူများ၏ တိုင်ကြားစာအားအဓမ္မခိုင်းစေမှု မြောက်/မမြောက် စိစစ်ဆောင်ရွက် လျက်ရှိသလို တိုင်ကြားသူများ၏ အချက်အလက်များကိုလည်း မသက်ဆိုင်သူများ မသိရှိစေရေး ဆောင်ရွက်ထားရှိပါသည်။

မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို လွှတ်တော်၊ နိုင်ငံတော်သမ္မတရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ILO (ရန်ကုန်) နှင့်အခြားအဖွဲ့အစည်းများမှ တစ်ဆင့် လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၉၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် emailလိပ်စာ mol@mptmail.net.mm, molipoffice@gmail.com, research.org.dol.mm@gmail.com များ သို့လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင် ရာတိုင်ကြားမှုယန္တရားနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်းသိရှိရသည်။

J